INTERNATIONAL CAMPAIGN TO BAN LANDMINES
1997 Nobel Peace Prize Co-Laureate

Cluster Munition Coalition

**Working for a world free of landmines and cluster munitions**

# ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ ညွန့်ပေါင်းအဖွဲ့က မြန်မာနိုင်ငံ၏ ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ အသုံးပြုနေမှုကို ကန့်ကွက်ရှုတ်ချသည်။ အသစ်ထုတ်လုပ်မှုနှင့် အသုံးပြုမှုသည် နိုင်ငံတကာ ဥပဒေနှင့်ဆန့်ကျင်သည်။

## အနှစ်ချုပ်နှင့် အကြံပြုချက်စာတမ်းကို ဒေါင်းလုပ်ရယူပါ။

http://www.the-monitor.org/en-gb/our-research/infographs,-factsheets,-briefing-papers/2023.aspx

(ဂျီနီဗာ၊ ၂၄၊ ဇူလိုင်၊ ၂၀၂၃) - ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ ညွန့်ပေါင်းအဖွဲ့ (CMC) က မြန်မာအစိုးရတပ်ဖွဲ့များ၏ ထပ်ဆင့်ပေါက်ကွဲလက်နက်များအသုံးပြုလာမှုကို ကန့်ကွက်ရှုတ်ချလိုက်ပြီး၊ အဆိုပါ တားမြစ်ထားသည့် လက်နက်ပစ္စည်းအသုံးပြုမှုကို ချက်ခြင်းရပ်တန့်ရန်တောင်းဆိုလိုက်သည်။ CMC ၏ စောင့်ကြည့် လေ့လာရေးအဖွဲ့၏ အစီရင်ခံစာအသစ်တွင် ၂၀၂၁ ခုနှစ်မှ စ၍၊ မကြာသေးမီ ၂၀၂၃ ခုနှစ်၊ ဖွန်လဆန်းပိုင်းအထိ၊ မြန်မာ့တပ်မတော်သည် နိုင်ငံနေရာအနှံ့အပြားတိုက်ခိုက်မှုများတွင် ပြည်တွင်းထုတ် ထပ်ဆင့်ပေါက်ကွဲဗုံးများ အသုံးပြုခဲ့သည်ကို အထင်အရှား တွေ့ရှိရကြောင်း ဖော်ပြထားသည်။

"မြန်မာနိုင်ငံ၏ ထပ်ဆင့်ပေါက်ကွဲဗုံးများထုတ်လုပ်မှုနှင့် အသုံးပြုမှုသည် အလွန်အမင်းစိုးရိမ်ဖွယ်ရာ ဖြစ်သည်။ အကြောင်းမှာ မည်သူမည်ဝါမခွဲခြားသော အဆိုပါလက်နက်များသည် အဓိကအားဖြင့် အရပ်သားပြည်သူများကို သေဆုံး၊ ထိခိုက်ဒဏ်ရာရစေသောကြောင့်ဖြစ်သည်။ ယင်းတို့ကိုအသုံးပြုမှုအတွက် မည်သည့်အကြောင်းပြချက်မှပေး၍မရနိုင်ပါ" ဟုထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့၏သုတေသီ ဒေါက်တာယေရှာမိုဇာပွန်ဆူဝန်က ပြောကြားသည်။ "နိုင်ငံတကာအစိုးရများအားလုံးက ကမ္ဘာတစ်ဝန်း တားမြစ်ထားသော လက်နက်ကို ထိုသို့ အသုံးပြုနေခြင်းအား ကန့်ကွက်ရှုတ်ချသင့်သည်" ဟုလည်း ဆိုသည်။

ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်များကို အမြောက်၊ လောင်ချာ၊ ဒုံးကျည်နှင့်တိုက်လေယာဉ်တို့တွင် တပ်ဆင် ပစ်လွှတ်လေ့ရှိပြီး၊ ယင်းတို့သည် လေထုထဲတွင်ပေါက်ကွဲ၍၊ ဒါဇင်နှင့်ချီသော၊ သို့မဟုတ် ရာနှင့်ချီသော ဆင့်ကွဲယမ်းများ၊ တနည်းအားဖြင့် ဗုံးအသေးစားလေးများအဖြစ် နေရာဝေးဝေးအထိ လွင့်စင်ပေါက်ကွဲခြင်းဖြစ်သည်။ ဆင့်ကွဲယမ်းအများအပြားသည် လေထုထဲတွင် ကနဦးမပေါက်ကွဲဘဲ၊ မြေမြုပ်မိုင်းများကဲ့သို့ပင် ယင်းတို့အား ရှင်းလင်းဖျက်ဆီးမှုမပြုလုပ်ခင်အထိ၊ နှစ်ပေါင်းများစွာ အသက်ရှိနေတတ်ပြီး၊ မည်သူမည်ဝါမခွဲခြားဘဲ ထိခိုက်ဒဏ်ရာရစေ၊ သေဆုံးစေနိုင်ပါသည်။ စုစုပေါင်း နိုင်ငံ ၁၂၃ နိုင်ငံသည် ၂၀၀၈ ခုနှစ်၊ ထပ်ဆင့်ပေါက်ကွဲ လက်နက် ပစ္စည်းများဆိုင်ရာ သဘောတူစာချုပ်ဖြင့် ထိုလက်နက်ကို တားမြစ်ပိတ်ပင်ထားသော်လည်း၊ မြန်မာမပါဝင်ပါ။

ပြီးခဲ့သည့် ၁၃လ အတွင်း ချင်း၊ ကယား(ကရင်နီ)၊ ကရင်နှင့် ရှမ်းပြည်နယ်များ၌ မြန်မာ့တပ်မတော်(လေ)၏ တိုက်ခိုက်မှုများအတွင်း အသုံးပြုခဲ့သော ထပ်ဆင့်ပေါက်ကွဲဗုံးများ၏ အပိုင်းအစဓါတ်ပုံများကို ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့ (Cluster Munition Monitor)က ကြည့်ရှုသုံးသပ်ခဲ့သည်။ လတ်တလော နောက်ဆုံးသိရှိရသည့် မြန်မာ့တပ်မတော်(လေ)၏ ထပ်ဆင့်ပေါက်ကွဲဗုံးဖြင့် တိုက်ခိုက်မှု ကြောင့် ၂၀၂၃ ခုနှစ်၊ ဖွန်လ၊ ၆ ရက်နေ့က၊ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကဒုံကျေးရွာအုပ်စုမှ စာသင်ကျောင်းတစ် ကျောင်းပျက်စီးခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ ဧပြီလအတွင်း ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်တွင် ထပ်ဆင့် ပေါက်ကွဲဗုံးအသုံး ပြုတိုက်ခိုက်မှု ထပ်မံဖြစ်ပွားခဲ့သည်။ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လအတွင်းက အဆိုပါ မြို့နယ်တွင် အရပ်သားပြည်သူ ၁၃ ဦး ထိခိုက်ဒဏ်ရာရစေခဲ့သည့် လေကြောင်းတိုက်ခိုက်မှုအပြီး၊ ထပ်ဆင့်ပေါက်ကွဲဗုံး အပိုင်းအစများကို တွေ့ခဲ့ရသည်ဟု အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International) ကဆိုသည်။

အဆိုပါတိုက်ခိုက်မှုများသည် မကြာသေးမီလများအတွင်း နိုင်ငံ၏ အနောက်မြောက်ပိုင်းရော၊ အရှေ့ပိုင်းတွင်ပါ ပိုမိုပြင်းထန်လာသော ပြည်တွင်းပဋိပက္ခများ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး၊ အရပ်သား ပြည်သူများ သေဆုံးခြင်း၊ နေရာအနှံ့အပြားတွင် နေအိမ်များအပါအဝင် ပြည်သူပိုင်ပစ္စည်းများ အကြီးအကျယ်ပျက်စီးခြင်းတို့အပြင်၊ ပြည်သူများနေရပ်စွန့်ခွာရခြင်းတို့ကို ထပ်မံဖြစ်ပေါ်စေပါသည်။ ပဋိပက္ခအတွင်း ပါဝင်သူအားလုံးက လူသတ် မြေမြုပ်မိုင်းများ အလွန်အကျွံထပ်မံအသုံးပြုနေကြသည်မှာလည်း ဝိသေသလက္ခဏာတစ်ရပ်ဖြစ်ပါသည်။

တပ်မတော်(လေ)က အသုံးပြုသည့် ထပ်ဆင့်ပေါက်ကွဲဗုံးများသည် မြန်မာ၏နိုင်ငံပိုင် လက်နက်ထုတ်လုပ်ရေးစက်ရုံ “ကပစ” သို့မဟုတ် ကာကွယ်ရေးပစ္စည်းစက်ရုံမှ ထုတ်လုပ်သည့် အခြားထုတ်လုပ်မှုများ နှင့် ပုံစံတူဖြစ်သော်လည်း၊ ကြွင်းကျန်သည့် ဗုံးအပိုင်းအစများတွင် မည်သည့်နေရာ၌ ထုတ်လုပ်သည်၊ သို့မဟုတ် တပ်ဆင်သည်ဆိုသည့် အမှတ်အသားများမပါရှိပါ။

အဆိုပါလက်နက်ပစ္စည်းတွင် ဆင့်ကွဲယမ်းများအဖြစ် ၁၂၈ မီလီမီတာအလျားရှိသော မော်တာကျည်ဆံများပါ ရှိပြီး၊ တစ်ခုစီတွင် ပလတ်စတစ်ဒလက်တံတစ်ခုဖြင့် စနက်တံကိုချိတ်ထားပြီး၊ ထိမိသည်နှင့် ခဲယမ်းများကို ပေါက်ကွဲစေသည်။ ထပ်ဆင့်ပေါက်ကွဲစေသောဗုံးတိုင်း၏ အတွင်းပိုင်းကိုယ်ထည်တွင် မော်တာကျည်ဆံ၊ သို့မဟုတ် ဆင့်ကွဲယမ်း ၁၂ ခုစာနေရာပါရှိသည်။ ယင်းလက်နက်သည် ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများဆိုင်ရာ သဘောတူစာချုပ်တွင် တားမြစ်ထားသည့် “အလေးချိန် ၂၀ ကီလိုဂရမ်ထက်နည်းသော ထပ်ဆင့်ကွဲကျည်များလွှတ်ထုတ်ရန် ဒီဇိုင်းလုပ်ထားသည့် သမားရိုးကျ ထပ်ဆင့်ပေါက်ကွဲလက်နက်” ဆိုင်ရာ အဓိပ္ပာယ် ဖွင့်ဆိုချက်နှင့် ကိုက်ညီပါသည်။

ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများထုတ်လုပ်ခြင်း(ဝါ)အသုံးပြုခြင်းကို မြန်မာ နိုင်ငံတွင် ယခင်က မတွေ့ခဲ့ရသော်လည်း လွန်ခဲ့သည့် ဆယ်စုနှစ်က အခြေခံအဆင့် ထပ်ဆင့်ပေါက်ကွဲလက်နက် ကြားခံပစ္စည်း အသုံးပြုမှုကို မှတ်တမ်းများတွင်တွေ့ရသည်။ (ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့၊ ၂၀၁၃ တွင်ကြည့်ပါ။)

ထပ်ဆင့်ပေါက်ကွဲဗုံးများထုတ်လုပ်မှုနှင့် အသုံးပြုမှုကို အတည်ပြုပြောကြားရန်၊ သို့မဟုတ် ငြင်းဆိုရန်အတွက် မြန်မာ၏ကာကွယ်ရေးဝန်ကြီးဌာနကို ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့က ဆက်သွယ်မေးမြန်းခဲ့သော်လည်း၊ အစီရင်ခံစာထုတ်ပြန်ချိန်အထိ ပြန်လည်ဖြေကြားခြင်း မရှိခဲ့ပါ။

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ၊ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ၌၊ တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုသဘောတူစာချုပ် (NCA) ချုပ်ဆိုမှုမပြီးမချင်း၊ သဘောတူစာချုပ်တွင် မပါဝင်နိုင်သေးကြောင်း မြန်မာကပြောကြားခဲ့သည်။ ၂၀၀၉ ခုနှစ်၊ ဒေသဆိုင်ရာအစည်းအဝေးတစ်ခုတွင် မြန်မာအစိုးရကိုယ်စားလှယ်တစ်ဦးက ၎င်းတို့၏ တပ်ဖွဲ့များအနေဖြင့် “ထပ်ဆင့်ပေါက်ကွဲ လက်နက်များအားအသုံးမပြုပါ”ဟုပြောကြားခဲ့သည်။

နောက်ထပ်သိလိုပါက ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့၏ အနှစ်ချုပ်နှင့် အကြံပြုချက်မှတ်စုတွင်ကြည့်ပါ။ (လင့်ခ်)

**မှတ်ချက်။** **။ ၁၉၈၉ ခုနှစ်တွင် စစ်အစိုးရကနိုင်ငံ၏အမည်ကို Burma မှ Myanmar သို့ပြောင်းလဲခဲ့သော်လည်း၊ မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူမျိုးအများအပြားနှင့် ကမ္ဘာ့နိုင်ငံအများအပြားက နိုင်ငံအမည်ကို Burma ဟု ဆက်လက်ခေါ်ဝေါ်သုံးစွဲကြသည်။**

**ICBL-CMC အကြောင်း**

မြေမြုပ်မိုင်းတားမြစ်ရေး နိုင်ငံတကာစည်းရုံးလှုပ်ရှားမှုအဖွဲ့ - ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများညွန့်ပေါင်း အဖွဲ့(ICBL-CMC)သည် မြေမြုပ်မိုင်း၊ ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများနှင့် အခြားသော စစ်ကျန် ပေါက်ကွဲပစ္စည်းများကင်းစင်၍၊ လူ့ဘဝများအားလုံးကို ကာကွယ်စောင့်ရှောက်ပေးသည့် ကမ္ဘာတစ်ခုအတွက် လုပ်ငန်း ဆောင်ရွက်သည်။ ပေါက်ကွဲစေသောလက်နက်ပစ္စည်းများ၏ အန္တရာယ်ရှိနေသော မြေယာများကို ရှင်းလင်းပြီး၊ ကုန်ထုတ်လုပ်မှုအတွက် အသုံးပြုရန် ဒေသခံပြည်သူများအား ပြန်လည်ပေးအပ်သော၊ ပေါက်ကွဲစေသော လက်နက်များ၏ သက်ရောက်မှုကိုခံရသော ရပ်ရွာဒေသများနှင့် မိုင်းထိသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေး

သည့်အပြင် ၎င်းတို့၏ လူ့အခွင့်အရေးများအား အာမခံပေးသော ကမ္ဘာ့တစ်ခုဖြစ်သည်။

**မြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့ (The Monitor) အကြောင်း**

စောင့်ကြည့်လေ့လာရေးအဖွဲ့ (The Monitor) သည် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဦးဆောင်သည့် အစီအစဉ်တစ်ခုဖြစ်ပြီး၊ မြေမြှုပ်မိုင်းတားမြစ်ရေး နိုင်ငံတကာစည်းရုံးလှုပ်ရှားမှုနှင့် ထပ်ဆင့်ပေါက်ကွဲလက်နက် ပစ္စည်းများညွန့်ပေါင်းအဖွဲ့ (ICBL-CMC) အတွက် သုတေသနနှင့် စောင့်ကြည့်လေ့လာရေးလုပ်ငန်းများကို လုပ်ဆောင်ပေးသည်။

ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့၏ ၁၄ ကြိမ်မြောက် နှစ်စဉ်အစီရင်ခံစာကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၅ရက် တွင် ထုတ်ပြန်မည်ဖြစ်ပြီး၊ ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများတားမြစ်ရေး အကောင်အထည်ဖော်မှုနှင့် စာချုပ်တွင် ပူးပေါင်းပါဝင်ရေး၊ ထပ်ဆင့်ပေါက်ကွဲလက်နက်အပိုင်းအစ အကြွင်းအကျန်များအား သေချာစွာဖယ်ရှားရှင်းလင်းရေး၊ အန္တရာယ်အသိပညာပေးရေးနှင့် မည်သူမည်ဝါမခွဲခြားသော အဆိုပါလက်နက်များကြောင့် ထိခိုက်ဒဏ်ရာရသူများ အား ကူညီထောက်ပံ့ရေး ကြိုးပမ်းမှုများဆိုင်ရာ ကမ္ဘာ့တစ်ဝန်း အနှစ်ချုပ် တင်ပြချက်များပါဝင်မည်ဖြစ်သည်။

**၂၀၀၈ ခုနှစ်၊ ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများဆိုင်ရာသဘောတူစာချုပ်**

ဤသဘောတူစာချုပ်တွင် ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများအား ကျယ်ပြန့်ပြည့်စုံစွာ တားမြစ်ထားပြီး၊ သိုလှောင်ထားသည်များအား ဖျက်ဆီးခြင်း၊ ၎င်းလက်နက်ပစ္စည်းများ၏ အန္တရာယ်ရှိသော နေရာဒေသများအား ရှင်းလင်း ပေးခြင်း၊ အန္တရာယ်အသိပညာပေးခြင်းနှင့် အဆိုပါလက်နက်များကြောင့် ထိခိုက်ဒဏ်ရာရသူများအား ကူညီထောက်ပံ့ပေးခြင်းတို့ကို လုပ်ဆောင်ရန်သတ်မှတ်ထားသည်။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လအထိ၊ စာချုပ်တွင် နိုင်ငံပေါင်း ၁၂၃ နိုင်ငံ ပါဝင်လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။


**ဆက်သွယ်ရန်**

**ဒေါက်တာယေရှာမိုဇာပွန်ဆူဝန်**

ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေး သုတေသီ

Whatsapp/Signal +66891244900

Tel +17789673336

yeshua@icblcmc.org

Timezone: British Columbia (PDT/UTC-7)

ဂျာရက်ဘလော့ချ်

ဆက်သွယ်ရေးနှင့် ကွန်ရက်မန်နေဂျာ

Tel/Whatsapp +41 78 683 4407

jared@icblcmc.org

Timezone: GMT+1


**Links:**

- Cluster Munition Coalition - http://www.stopclustermunitions.org/
- ClusterMunitionMonitor-http://www.the-monitor.org/en-gb/reports/2022/landmine-monitor-2022.aspx
- Convention on Cluster Munitions - https://www.clusterconvention.org/
- CMC Twitter - https://twitter.com/banclusterbombs
- CMC Facebook - https://www.facebook.com/banclusterbombs/
- CMC Flickr - https://www.flickr.com/photos/clustermunitioncoalition